စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန ၊ ခရိုင်ဦးစီးမှူးရုံး
သံတွဲခရိုင်၊ ပေလီမြို့

# ၂၀၂၀-၂၀၂၁ခုနှစ်၊ သံတွဲခရိုင်၏ ဆောင်းမြေပဲမျိုး(၄)မျိုး၊ ယှဉ်ပြိုင်စမ်းသပ်ကွက် ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် ကိုက်ညီ၍ အထွက်နှုန်းနှင့် ဆီပိုမိုထွက်ရှိနိုင်မှုကို လေ့လာခြင်း

စာတမ်းတင်ပြသူ - ဒေါ်စောမြသန္တာ ၊ ဒု-လ/ထဦးစီးမှူး၊
သံတွဲခရိုင်ဦးစီးမှူးရုံး၊ပေလီမြို့

# နိဒါန်း

- သံတွဲခရိုင်တွင် မြေပဲသည် ဆီစားသုံးမှု အတွက်အဓိက စိုက်ပျိုးသော သီးနှံဖြစ်ပါသည်။
- မြေပဲသည် ဈေးကွက် အခိုင်အမာရှိနေပြီး တောင်သူများ ဝင်ငွေ ကောင်းနိုင်သော သီးနှံတစ်မျိုးလည်း ဖြစ်ပါသည်။
- သံတွဲခရိုင်၏ ၂၀၂၀-၂၀၂၁ခုနှစ် မြေပဲစိုက်ဧက မှာ(၃၉၉၅၆)ဧက ဖြစ်ပြီး အထွက်တင်းမှာ (၂၁၅၅၀၆၂) တင်းရှိပါသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၅၃.၉၄) တင်းဖြစ်ပါသည်။
- သံတွဲခရိုင်၏ ဒေသဝမ်းစာ စားသုံးဆီ ဖူလုံမှုမှာ( ၁၆၇.၉၅ % ) ဖြစ်ပါသည်။
- တစ်ဧကအထွက်နှုန်းနှင့် ထုတ်ကုန်အရည်အသွေး တိုးတက်စေရန်အတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်လာပါသည်။
- ဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ် ခံနိုင်သော အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်စေရန် မြေပဲမျိုး(၄)မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အား ပြုလုပ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

# ရည်ရွယ်ချက်

၂

မြေပဲမျိုးကွဲများ၏ အရည်အချင်းလက္ခဏာများအား မျက်မြင်
လက်တွေ့ နှိုင်းယှဉ် လေ့လာနိုင်ရန်

ဒေသ နှင့် ကိုက်ညီသော မြေပဲ မျိုးကောင်း
မျိုးသန့် များအား ရွေးချယ် စိုက်ပျိုးနိုင်ရန်

စားသုံးဆီ(Oil Seed )အတွက်သာမက စားသောက် ကုန်များ
(Food Crop) အနေဖြင့်လဲ ထုတ်လုပ် နိုင်ကြောင်း သိရှိနိုင်စေရန်

# စမ်းသပ်ကွက်ပြုလုပ်ရခြင်း အကြောင်း

၃

- ဒေသမျိုးများသည် အကြမ်းခံကြသော်လည်း အထွက်နှုန်းမှာ မျိုးကောင်း မျိုးသန့်များကဲ့သို့ အထွက်နှုန်း မြင့်မားမှု မရှိခြင်းကြောင့် ဒေသနှင့် ကိုက်ညီသော မျိုးကောင်း မျိုးသန့် မျိုးသစ်များအား တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် မြေပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်အား ဆောင်ရွက်ရခြင်းဖြစ်ပါသည်။











# စမ်းသပ်ကွက် အချက်အလက်များ



- ခရိုင်/မြို့နယ် = သံတွဲခရိုင် ၊သံတွဲမြို့နယ်
- ကျေးရွာအုပ်စု = ပုဇွန်ဖြေ
- တောင်သူအမည် = ဦးမောင်ပု
- ကွင်းအမှတ် = ၂၅၃
- ဦးပိုင်အမှတ် =၂၁၀/၃
- သီးနှံအမည် = မြေပဲ
- စမ်းသပ်ကွက်ပုံစံ = ၄ မျိုး× ၁ လီ (ရိုးရိုး)
- စမ်းသပ်မျိုးများ = ဆင်းပဒေသာ–၇၊ဆင်းပဒေသာ–၁၁၊ဆင်းပဒေသာ–၁၃ ၊Y–13048
- စိုက်ဧရိယာ = ( ၀.၂၅ ) ဧက / ၁ မျိုး
- တန်းကြား×ပင်ကြား = ၁၂" × ၄"
- စိုက်ပျိုးသည့်ရက် = ၂၀.၁၀.၂၀၂၀
- ရိတ်သိမ်းသည့်ရက် = (၁၉.၁.၂၀၂၁)(ဆင်းပဒေသာ–၇)၊ (၂၉.၁.၂၀၂၁)(ဆင်းပဒေသာ–၁၁)၊ (၆.၂.၂၀၂၁)(ဆင်းပဒေသာ–၁၃ ၊Y–13048)

# ဆောင်ရွက်ထားရှိမှုနှင့်ဆွေးနွေးတင်ပြချက်



- မြေပြုပြင်ခြင်းနှင့်မြေဩဇာထည့်သွင်းခြင်း
    - ထယ်/ထွန်(၅)စပ်ဖြင့်ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။မြေခံအဖြစ်ကွန်ပေါင်းခါတ်မြေဩဇာ(၁) အိတ်အား ကြဲပက်ထည့်သွင်း၍မြေပြုပြင်ခဲ့ပါသည်။





# ဆောင်ရွက်ထားရှိမှုနှင့်ဆွေးနွေးတင်ပြချက်

- **အပင်ပေါက် ရာခိုင်နှုန်းစမ်းသပ်ခြင်းနှင့်စိုက်ပျိုးခြင်း**
  - မစိုက်ပျိုးမီမြေပဲမျိုးများအား အပင်ပေါက်ရာခိုင်နှုန်း စမ်းသပ်ခဲ့ပါသည်။ ၂၀.၁၀.၂၀၂၀ နေ့ရက်တွင် စိုက်ပျိုးခဲ့ပါသည်။

**အပင်ပေါက် ရာခိုင်နှုန်း စမ်းသပ်ခြင်း**

ဆင်းပဒေသာ-၇ (၉၅%)



ဆင်းပဒေသာ-၁၃ (၉၅%)



Y-13048 (၉၅%)



ဆင်းပဒေသာ-၁၁ (၉၅%)



**စိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံ**





# ဆောင်ရွက်ထားရှိမှုနှင့်ဆွေးနွေးတင်ပြချက်

➢ **အပင်ပြုစုခြင်းနှင့် မြေသြဇာထည့်သွင်းခြင်း**

- စိုက်ပြီး (၂၀-၂၅)ရက်သားတွင် ပေါင်းသင်၊မြေဆွ၊ဘောင်တင်ခြင်းနှင့်( ၄၅ ) ရက်သားတွင်Gypsum( 25 kg ) ( ၂ ) အိတ်အား ထည့်သွင်း၍ ဆောင်ရွက်ခဲ့ပါသည်။
- ယူရီးယား+လက်ချား ရွက်ဖျန်းမြေသြဇာ(၄)ဂါလံဝင်(၅)ပုံးအား(ပန်းပွင့်ချိန်၊ စွယ်ချချိန်၊ အဆံတည်ချိန် ) တွင် ဖျန်းခဲ့ပါသည်။

မြေသြဇာကျွေးခြင်းမှတ်တမ်းဓါတ်ပုံ





ယူရီးယား+လက်ချား ရွက်ဖျန်းအားဆေး ပက်ဖျန်းခြင်းမှတ်တမ်းဓါတ်ပုံ







# ဆောင်ရွက်ထားရှိမှုနှင့်ဆွေးနွေးတင်ပြချက်

- **ပိုးသတ်ဆေး/မှိုသတ်ဆေး သုံးစွဲမှု**
  - အလန်း/ပရိုဝမ်း(ပိုးသတ်ဆေး/မှိုသတ်ဆေး)များအားသုံးစွဲ၍ပိုးမွှားရောဂါကျရောက်မှုအား ကာကွယ်ခဲ့ပါသည်။

ပိုးမွှားကျရောက်မှု (ရွက်လိပ်ရွက်ကပ်)



ရောဂါကျရောက်မှု(ပင်ခြေပုတ်/ပင်ရင်းပုတ်)



# ဆောင်ရွက်ထားရှိမှုနှင့်ဆွေးနွေးတင်ပြချက်

- ရိတ်သိမ်းခြင်း
  - (၁၉.၁.၂၀၂၁)ရက်နေ့တွင် ဆင်းပဒေသာ-၇ ၊(၂၉.၁.၂၀၂၁)ရက်နေ့တွင် ဆင်းပဒေသာ-၁၁ ၊ (၆.၂.၂၀၂၁) ရက်နေ့ တွင် ဆင်းပဒေသာ-၁၃ နှင့် Y-13048 တို့အား ရိတ်သိမ်းခဲ့ပါ သည်။

စံကွက်ရိတ်သိမ်းခြင်း










# တွေ့ရှိချက်နှင့်ဆွေးနွေးတင်ပြချက်



# မျိုးကွဲအလိုက် အရည်အချင်းလက္ခဏာများတွေ့ရှိချက်



| စဉ် | လက္ခဏာများ | ဆင်းပဒေသာ - ၁၃ | Y-13048 | ဆင်းပဒေသာ - ၇ | ဆင်းပဒေသာ - ၁၁ |
|---|---|---|---|---|---|
| ၁ | အပင်ပုံစံ | ပင်ထောင် | ပင်ထောင် | ပင်ထောင် | ပင်ထောင် |
| ၂ | ပန်းပွင့်အရောင် | လိမ္မော် | လိမ္မော် | လိမ္မော် | လိမ္မော် |
| ၃ | အတောင့်အကြော | အသင့်အတင့် | ထင်ရှား | အသင့်အတင့် | အသင့်အတင့် |
| ၄ | ပန်းစတင်ပွင့်ရက် (စိုက်ပြီး) | ၂၆ | ၂၄ | ၂၁ | ၂၅ |
| ၅ | တစ်ပင်ပါအတောင့် | ၁၉ | ၁၉ | ၂၁ | ၁၆ |
| ၇ | နို့ဆီတစ်ဘူးပါအတောင့် | ၅၇ | ၄၄ | ၇၁ | ၆၇ |

# မျိုးကွဲအလိုက် အရည်အချင်းလက္ခဏာများတွေ့ရှိချက်

၁၂

| စဉ် | လက္ခဏာများ | ဆင်းပဒေသာ -၁၃ | Y-13048 | ဆင်းပဒေသာ -၇ | ဆင်းပဒေသာ-၁၁ |
|---|---|---|---|---|---|
| ၈ | Y-Method အထွက်(တင်း) | (၁၄၀)တင်း | (၂၀၀)တင်း | (၁၃၀)တင်း | (၁၄၀)တင်း |
| ၉ | စံကွက်အကွက်ငယ်အထွက် (တင်း) | (၂၇) တင်း | (၃၅) တင်း | (၂၇) တင်း | (၂၇) တင်း |
| ၁၀ | တစ်ဧကအထွက်နှုန်း (တင်း)(အစို) | (၁၀၉)တင်း | (၁၄၃)တင်း | (၁၀၉)တင်း | (၁၀၉)တင်း |
| ၁၁ | တစ်ဧကအထွက်နှုန်း (တင်း) (အခြောက်) | (၉၄) တင်း | (၁၂၅) တင်း | (၉၄) တင်း | (၉၄) တင်း |

# မြေပဲမျိုးအလိုက် (အတောင့်( ၁ )တင်း ) ၏ ဆီထွက်နှုန်း (ပမာဏ/အလေးချိန်) တွေ့ရှိချက်

| စဉ် | မျိုးအမည် | (၁)တင်းရှိ အဆံ | | အတောင့်(၁)တင်း၏ ဆီထွက်အလေးချိန် (ပိဿာ) | (၁)ကေဆီထွက် (ပိဿာ) |
|---|---|---|---|---|---|
| | | ပမာဏ | အလေးချိန် | | |
| ၁ | ဆင်းပဒေသာ-၁၃ | (၄)ပြည်(၃) ဗူး | (၄.၆၀)ပိဿာ | ၁.၅၅ | ၁၄၅.၇၀ |
| ၂ | Y-13048 | (၄)ပြည်(၅) ဗူး | (၄.၆၀)ပိဿာ | ၁.၅၀ | ၁၈၇.၅၀ |
| ၃ | ဆင်းပဒေသာ-၇ | (၅)ပြည်(၃) ဗူး | (၅.၅၀)ပိဿာ | ၂.၂၅ | ၂၁၁.၅၀ |
| ၄ | ဆင်းပဒေသာ-၁၁ | (၅)ပြည်(၆) ဗူး | (၅.၈၀)ပိဿာ | ၂.၃၅ | ၂၂၀.၉၀ |

# မြေပဲမျိုးအလိုက် (၁)ကေစိုက်ပျိုးထွက်ရှိမှု နှင့် အကျိုးအမြတ်ရရှိမှု

| စဉ် | မျိုးအမည် | (၁)ကေ ပျမ်းမျှ အထွက်နှုန်း (တင်း) | အတောင့် (၁) တင်း ဈေးနှုန်း (ကျပ်) | ရောင်းရငွေ (ကျပ်) | (၁)ကေ ကုန်ကျစရိတ် | အကျိုးအမြတ် | ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုး |
|---|---|---|---|---|---|---|---|
| ၁ | ဆင်းပဒေသာ - ၁၃ | ၉၄ | ၁၃၀၀၀ | ၁၂၂၂၀၀၀ | ၅၅၀၀၀၀ | ၆၇၂၀၀၀ | ၁:၂.၂၂ |
| ၂ | Y-13048 | ၁၂၅ | ၁၃၀၀၀ | ၁၆၂၅၀၀၀ | ၅၅၀၀၀၀ | ၁၀၇၅၀၀၀ | ၁:၂.၉၅ |
| ၃ | ဆင်းပဒေသာ-၇ | ၉၄ | ၁၃၀၀၀ | ၁၂၂၂၀၀၀ | ၅၅၀၀၀၀ | ၆၇၂၀၀၀ | ၁:၂.၂၂ |
| ၄ | ဆင်းပဒေသာ-၁၁ | ၉၄ | ၁၃၀၀၀ | ၁၂၂၂၀၀၀ | ၅၅၀၀၀၀ | ၆၇၂၀၀၀ | ၁:၂.၂၂ |

# ဆီထွက်ရှိမှု နှင့် အကျိုးအမြတ်ရရှိမှု

| စဉ် | မျိုးအမည် | (၁)ကေ ပျမ်းမျှ အထွက် နှုန်း (တင်း) | အ တောင့် (၁) တင်း ဆီထွက် (ပိဿာ) | (၁) ကေ ဆီထွက် (ပိဿာ) | ဆီ(၁) ပိဿာ ဈေးနှုန်း (ကျပ်) | ရောင်းရငွေ (ကျပ်) | (၁)ကေ ကုန်ကျ စရိတ် | အကျိုး အမြတ် | ကုန်ကျ စရိတ်နှင့် ဝင်ငွေ အချိုး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဆင်းပဒေသာ – ၁၃ | ၉၄ | ၁.၅၅ | ၁၄၅.၇၀ | ၇၅၀၀ | ၁၀၉၂၇၅၀ | ၆၅၄၀၀၀ | ၄၃၈၇၅၀ | ၁:၁.၆၇ |
| ၂ | Y–13048 | ၁၂၅ | ၁.၅၀ | ၁၈၇.၅ | ၇၅၀၀ | ၁၄၀၆၂၅၀ | ၆၉၆၀၀၀ | ၇၁၀၂၅၀ | ၁:၂.၀၂ |
| ၃ | ဆင်းပဒေသာ – ၇ | ၉၄ | ၂.၂၅ | ၂၁၁.၅ | ၇၅၀၀ | ၁၅၈၆၂၅၀ | ၆၇၄၅၀၀ | ၉၁၁၇၅၀ | ၁:၂.၃၅ |
| ၄ | ဆင်းပဒေသာ –၁၁ | ၉၄ | ၂.၃၅ | ၂၂၀.၉ | ၇၅၀၀ | ၁၆၅၆၇၅၀ | ၆၈၀၀၀၀ | ၉၇၆၇၅၀ | ၁:၂.၄၄ |

# တွေ့ရှိချက်နှင့်သုံးသပ် အကြံပြုချက်များ



- **Y-13048** မျိုးသည် ပဲတောင့်၊ ပဲဆံ ကြီးမားပြီး အထွက်နှုန်းကောင်းမွန်သော်လည်း **ဆင်းပဒေသာ-၁၁** မျိုးနှင့် နှိုင်းယှဉ်ပါကဆီထွက်ရှိမှုနည်းပါးခြင်းကြောင့် ဆီစားသုံးမှုအတွက် အဓိကမထားပဲ အစေ့အဆံ စားသုံးမှုအတွက်သာ အဓိကထားစိုက်ပျိုးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

- **ဆင်းပဒေသာ - ၇** မျိုးသည် အထွက်နှုန်းအသင့်အတင့် ကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိကာသက်တမ်းတို၍ဆီထွက်ရှိမှုမှာလည်းဒုတိယအများဆုံးထွက်ရှိသည့်မျိုးဖြစ်ပါသည်။

- **ဆင်းပဒေသာ-၁၃** မျိုးမှာ ရေမြေရာသီဥတုကောင်းနှင့် ပိုးမွှားရောဂါကြိုတင် ကာကွယ်ရန် လိုအပ်ခြင်း၊ ဆီထွက်နှုန်း ကောင်းအောင် သွင်းအားစုများပိုမို ထည့်သွင်းရခြင်းနှင့် အထူးဂရုပြုစိုက်ပျိုးပါက ဖြစ်ထွန်းအောင်မြင်နိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

- **ဆင်းပဒေသာ-၁၁** မျိုးသည် အထွက်နှုန်းကောင်းမွန်ခြင်း၊ဆီပိုမိုထွက်ရှိခြင်းနှင့် ရာသီဥတု ပိုးမွှားရောဂါ ဒဏ်ကိုခံနိုင်ရည်ရှိပြီး ဒေသနှင့်ကိုက်ညီသော မျိုးဖြစ်ခြင်းကြောင့် ၎င်းမျိုးအား မျိုး(၄)မျိုးအနက် အကောင်းဆုံး မျိုးအဖြစ် ရွေးချယ်ဖြန့်ဖြူးလျက် ပိုမို တိုးချဲ့ စိုက်ပျိုးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

# ထောက်ပံ့ကြေးငွေ နှင့်ဓါတ်မြေသြဇာ ထောက်ပံ့ပေးအပ်နေသောပုံ










# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

## ဆီထွက်နှုန်း













လမ်းညွှန်မှုကိုခံယူအပ်ပါသည်။